# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊ ၃ / ၂၀၁၆
## ၁၃၇၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
## ( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဌာနစုမှူး-၂/ တတိယအတွင်းဝန် | ၅၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၂၃ - ၁၁ - ၂၀၁၆ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၂၅နှစ် (မဟာဘွဲ့ရရှိပြီးသူများနှင့် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက အသက် ၃၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်၊

( ဂ ) နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဖြစ်ပါက[ ရိုးရိုးဘွဲ့ရရှိပြီးသူ အသက် ၃၅ နှစ်၊ မဟာဘွဲ့(သို့မဟုတ်) ပါရဂူဘွဲ့ရရှိပြီးသူ အသက် ၄၀ နှစ် ]ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် နိုင်ငံခြားဘာသာတစ်ခုခုကို ကျွမ်းကျင်စွာတတ်မြောက်သူဖြစ်ပါက ထိုသို့ကျွမ်းကျင်မှုအတွက် ရရှိသောဘွဲ့(သို့မဟုတ်)ဒီပလိုမာလက်မှတ်မိတ္တူကို လျှောက်လွှာတွင်ပူးတွဲတင်ပြရမည်။

၄။ **နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဌာနစုမှူး ( ၂ ) / တတိယအတွင်းဝန် ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို အဆင့်(က)မေးခွန်း အင်္ဂလိပ်စာဘာသာ(၃)နာရီဖြင့် ဖြေဆိုရမည်ဖြစ်ပါ၍ အခြားဝန်ကြီးဌာနများက ကြော်ငြာခေါ်ယူသည့် ရာထူးများနှင့် ပူးတွဲလျှောက်ထားခွင့်မရှိပါ။**

၅။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ရုံးအမှတ်(၁၇)၊နေပြည်တော်( သို့မဟုတ် ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူနိုင်ပြီး ၂၃ - ၁၁ - ၂၀၁၆ရက်နေ့အရောက်လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့** ပေးပို့လျှောက်ထားရမည်။

၆။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ဝင်ကြေးငွေ ၅၀၀ဝိ/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၅ - ၆ - ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၄၅ /ရွေးချယ်ရေး(အမိက)၂၀၁၆ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၇။ **လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ရေးဖြေ ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။**

၂/သို့

၈။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)၊နေပြည်တော်သို့ ၂၃ - ၁၁ -၂၀၁၆ ရက်နေ့ အရောက် ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို **နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန(၅)ခုဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကို တိတိကျကျ ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။**

၁၀။ ၇ - ၁ -၂၀၁၇ ရက် (စနေနေ့)တွင် မြန်မာစာဘာသာကို ဖြေဆိုချိန် (၂)နာရီ (၀၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ)နှင့် အင်္ဂလိပ်စာဘာသာကို ဖြေဆိုချိန်(၃)နာရီ (၁၂ း ၀၀ နာရီမှ ၁၅ း ၀၀ နာရီအထိ)ဖြင့်လည်းကောင်း၊ ၈ - ၁ - ၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် သုတရေးရာဘာသာကို ဖြေဆိုချိန်(၂)နာရီ ( ၀၉ း ၀၀ နာရီမှ ၁၁ း ၀၀ နာရီအထိ )ဖြင့်လည်းကောင်း ဖြေဆိုရမည်။

၁၁။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၅ - ၁ -၂၀၁၇ ရက်နေ့မှစ၍ နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင်ထုတ်ပေးမည်။

၁၂။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၃။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။